## နိဗ္ဗာန်၏ တည်နေရာ

သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟူ၍ လောက ၃ ပါးရှိကြောင်း ဗုဒ္ဓဘာသာဝင် အများစု သိရှိထားပြီး ဖြစ်ပါသည်။ သတ္တလောကသည် သက်ရှိသတ္တဝါများကို ရည်ညွှန်းပါသည်။ ဩကာသလောကသည် ထိုသတ္တဝါများ နေထိုင်ရာ ၃၁ ဘုံ၊ ရေ မြေ တော တောင် ကောင်းကင် ပင်လယ်သမုဒ္ဒရာများဖြစ်ပြီး၊ သင်္ခါရလောကမှာ သက်ရှိ သက်မဲ့ အားလုံးသော သတ္တလောကနှင့် ဩကာသလောကတို့ အစဉ်ဖြစ်ပျက်ပြောင်းလဲနေမှုကို ဆိုလိုပါသည်။ အကယ်စင်စစ် လောက ၃ ပါးစလုံးသည် ရုပ်နာမ်ခန္ဓာတို့၏ တည်နေရာ၊ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပျက်ပြောင်းလဲနေမှု အစုစုတို့ကို ကိုယ်စားပြုထားခြင်းဟု ဆိုရပါမည်။ ထို့ကြောင့် ရုပ်ခါတ်နာမ်ခါတ်များ ကင်းဆိတ်သည့် နိဗ္ဗာန်သည် လောက ၃ ပါးစလုံးတွင် အကျုံးမဝင်။ တနည်းဆိုရသော် လောက ၃ ပါးအတွင်းတွင် မရှိဟု ဆိုရပါမည်။ သို့ဆိုလျှင် နိဗ္ဗာန်သည် မည်သည့် နေရာတွင် တည်ရှိပါသနည်း။

မိလိန္ဒပဉှာ၊ ဂိသဋ္ဌနရပက်တွင် မိလိန္ဒမင်းကြီးက " အသျှင်ဘုရား နာဂသေန.. အရှေ့အရပ်တွင်ဖြစ်စေ၊ အနောက် အရပ်တွင်ဖြစ်စေ၊ တောင်အရပ်တွင်ဖြစ်စေ၊ မြောက်အရပ်တွင်ဖြစ်စေ၊ အထက်အရပ်တွင်ဖြစ်စေ၊ အောက်အရပ်တွင်ဖြစ်စေ၊ ဖီလာအရပ်တွင်ဖြစ်စေ အကြင်အရပ်၌ နိဗ္ဗာန်သည် အမြဲအစွဲတည်ရှိနေ၏။ ထို နိဗ္ဗာန်အရပ်သည် ရှိပါ၏လော" ဟု မေးလျှောက်ရာ အရှင်အနာဂသိန်မှ " နိဗ္ဗာန် တည်ရှိရာ အရပ်သည်မရှိ" ဟု မိန့်တော်မူသည်။

တဖန် မိလိန္ဒမင်းကြီးက " အသျှင်ဘုရား နာဂသေန.. နိဗ္ဗာန်၏ အမြဲအစွဲတည်ရှိရာ အရပ်သည် အကယ်၍ မရှိသည်ဖြစ်အံ့။ နိဗ္ဗာန်သည် မရှိ။ အကြင်သူသည် နိဗ္ဗာန်ကို

မျက်မှောက်ပြုပါ၏။ ထိုသူ၏ မျက်မှောက်ပြုခြင်းသည် မှားယွင်းရာ ဖြစ်၏။

အသျှင်ဘုရားနာဂသေန.. စပါးဖြစ်ရာ လယ်သည်ရှိ၏။ ပန်းဖြစ်ရာ ပန်းရုံရှိ၏။ အသီးဖြစ်ရာ သစ်ပင်ရှိ၏။ ရတနာဖြစ်ရာ တည်နေရာရှိ၏။ ထို့အတူ အကယ်၍ နိဗ္ဗာန်သည် တကယ်ရှိသည်ဖြစ်သည်ဖြစ်ပါအံ့။ ထိုနိဗ္ဗာန်ဖြစ်ရာ အရပ်သည် အလိုရှိအပ်ရာ၏။ အသျှင်ဘုရား အကြင်ကြောင့်လျှင် နိဗ္ဗာန်ဖြစ်ရာ အရပ်သည် မရှိ။ ထို့ကြောင့် နိဗ္ဗာန်သည် မရှိဟု ဆိုအပ်ရာ၏။ အကြင်သူတို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်၏။ ထိုသူတို့ မျက်မှောက်ပြုခြင်းသည် မှားယွင်းရာ၏" ဟု လျှောက်၏။ " မင်းမြတ် နိဗ္ဗာန်သည် အမြဲအစွဲတည်နေရာ မရှိသော်လည်း နိဗ္ဗာန်သည် ရှိသည်သာတည်း။ ဥပမာ မီးသည် ထင်ရှားရှိသည်။ သို့သော် မီး၏ အစွဲအမြဲ တည်နေရာ မရှိ။ ထင်း ၂ ချောင်း ပွတ်တိုက်သည် ရှိသော် မီးကိုရ၏။ မင်းမြတ် ဤအတူသာလျှင် နိဗ္ဗာန်သည် အထင်အရှား ရှိသည်။ သို့သော် အမြဲအစွဲတည်နေရာ မရှိ။ ကောင်းစွာ ကျင့်သောသူသည် သင့်တင့်စွာ နှလုံးသွင်းခြင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရာ၏" ဟု မိန့်တော်မူ၏။

" အသျှင်ဘုရား နာဂသေန.. နိဗ္ဗာန်သည် အမြဲအစွဲ တည်နေရာ မရှိလျှင် ဖြစ်ပါစေတော့။ အကယ်၍ ကောင်းစွာ ကျင့်သောသူသည် နိဗ္ဗာန်ကို မျက်မှောက်ပြု၏။ ထိုအရပ်သည် ရှိပါသလော" ဟုမေးလျှောက်ရာ " မင်းကြီး သီလသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရာ တည်နေရာတည်း။ သီလနှင့်တည်လျက် သင့်တင့်စွာ နှလုံးသွင်းသော သက္ကတိုင်း ယွန်းတိုင်း၌ ဖြစ်စေ၊ စိန့်တိုင်း ဂိတာလတိုင်း၌ ဖြစ်စေ၊ အလသန္ဒအရပ်၌ ဖြစ်စေ၊ ဂန္ဓရတိုင်း၌ ဖြစ်စေ၊ တောင်ထပ်၌ ဖြစ်စေ၊ ပြဟ္မာ့ပြည်၌ ဖြစ်စေ၊ အမှတ်မရှိ တစ်စုံတစ်ခုသော အရပ်၌ဖြစ်စေ ကောင်းစွာကျင့်သောသူသည်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြု၏" ဟု မိန့်တော်မူသည်။

သတ္တဝါများနေထိုင်ရန် ဘုံဌာနများသည် သီးခြားစီရှိနေသည်။ ငရဲဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ပြဟ္မာ့ဘုံများသည် ဘုံအားဖြင့် ဖြစ်စေ၊ နေရာအားဖြင့် ဖြစ်စေ သီးခြားစီရှိ၏။ သို့သော် လူ့ဘုံ၊ တိရိစ္ဆာန်ဘုံတို့သည် ဘုံအားဖြင့်ကွဲသော်လည်း နေရာအားဖြင့် မကွဲပေ။ မည်သို့ဆိုစေ သတ္တဝါများ ကြင်လည်ရာ အမြဲအစွဲတည်နေရာ သတ်သတ်မှတ်မှတ်ရှိ၏။ ပရိနိဗ္ဗာန် စံဝင်သွားသော ဘုရား ရဟန္တာများ၏ အမြဲအစွဲတည်နေရာကား မရှိ။ သို့ရာတွင် မရှိသည်ကား မဟုတ်။ အနုပါဒိသေသနိဗ္ဗာန်ဓါတ် ကိုယ်စီဖြင့် ရှိနေ၏။ ဤနေရာ ထိုနေရာ လက်ညှိုးထိုး ပြရန်ကား မဖြစ်နိုင်။ နိဗ္ဗာန်သည် ရုပ်ခန္ဓာများကဲ့သို့ အစုအဝေးဖြင့် တည်ရှိ မနေပဲ အကောင်အထည်သဘောမရှိ၊ နာမ်ခန္ဓာများကဲ့သို့ ပုံသဏ္ဌာန်မရှိသည့်တိုင် ပုံသဏ္ဌာန်ရှိသကဲ့သို့ ဉာဏ်၌ ထင်ရှား မဖြစ်။ ထို့ကြောင့် နိဗ္ဗာန်သည် ပုံသဏ္ဌာန်မရှိ အထည်သဘော မရှိသော တရား အဖြစ်ဖြင့်သာ ဉာဏ်၌ ထင်လာ၏။ “အနိမိတ္တ နိဗ္ဗာန် ” ဟူသော ဂုဏ်ပုဒ်နှင့် ပြည့်စုံသည်။

မိလိန္ဒပဉှာ၊ ဗုဒ္ဓဝဂ်တွင် မိလိန္ဒမင်းကြီးက “ အသျှင်ဘုရား နာဂသေန.. မြတ်စွာဘုရား ရှိပါ၏လော” ဟု မေးလျှောက်ရာ “ မင်းမြတ်.. မြတ်စွာ ဘုရားရှိပါ၏”ဟု မိန့်တော်မူ၏။ “မြတ်စွာဘုရားအား ဤနေရာ၌လည်းကောင်း၊ ဤနေရာ၌လည်းကောင်း ပြခြင်းငှာ တတ်ကောင်း ပါ၏လော” ဟု မေးလျှောက်ရာ “ မင်းမြတ်.. မြတ်စွာဘုရားသည် ရုပ်နာမ် အကြွင်းမရှိသော နိဗ္ဗာနဓါတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူလေပြီ။ ဤနေရာ၌ လည်းကောင်း၊ ဤနေရာ၌လည်းကောင်း ရှိ၏ဟု ပြခြင်းငှာ မတတ်ကောင်း” ဟု မိန့်တော်မူသည်။

နိဗ္ဗာန်သည် နိဗ္ဗာန်ဘုံဟု ခေါ်ဆိုအပ်သည့် နေရာတစ်ခု ဘုံတစ်ခု နယ်ပယ်တစ်ခုတွင် တည်ရှိသည်ဟု မှတ်ယူ မထားသင့်ပေ။ မဂ်ဖိုလ် ရပြီးသူ အရိယာများအဖို့ နေရာတိုင်းတွင် နိဗ္ဗာန်ရှိသည်။ တနည်းအားဖြင့်ဆိုသော် အရိယာရှိသည့်နေရာသည် နိဗ္ဗာန်၏ တည်နေရာဟု

ဆိုနိုင်ပါသည်။ အရိယာတို့သည် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့တွင် ရှိနေနိုင်သော်လည်း နိဗ္ဗာန်သည် ၃၁ ဘုံအတွင်းတွင် မရှိ။ အနီးစပ်ဆုံး ဥပမာပြဆိုရသော် လသာသော ညတစ်ညတွင် ဝင်းပနေသော လမင်းကြီးကို ရန်ကုန်တွင် နေသူလည်း တွေ့နိုင်သည်၊ မန္တလေးတွင်နေသူလည်း တွေ့နိုင်သည်။ သို့သော် လနှင့် ကမ္ဘာမှာ သီးခြားစီ တည်နေကြသည်။ ထို့အတူ အရိယာတို့သည် သုဂတိဘုံများတွင် ရှိနေနိုင်သော်လည်း အရိယာတို့ မျက်မှောက်ပြုသည့် နိဗ္ဗာန်သည် ၃၁ ဘုံအတွင်းတွင် မရှိ။ သီးခြား ဘုံတစ်ခု အနေဖြင့် အစွဲအမြဲတည်နေရာဟူ၍လည်း မရှိ၊ တစ်ခုတည်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုကြသည်လည်း မဟုတ်၊ ကိုယ်စီ ကိုယ်စီသာ မျက်မှောက်ပြုကြကုန်၏။ သို့ရာတွင် သန္တိသုခဟူသော နိဗ္ဗာန်၏ တစ်ခုတည်းသော လက္ခဏာကား အတူတူပင် ဖြစ်၏။ ဤကား နိဗ္ဗာန်၏ သဘောသဘာဝ၊ တည်နေရာတို့နှင့် ပတ်သက်၍ နားလည်သမျှ အချက်များပင် ဖြစ်ပါသည်။

ချမ်းသာစစ်နှင့် ပြည့်စုံကြပါစေ။

ပြေဇော်